ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာ

မိုင်းကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာ၊မိုင်းကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၅ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ခေးနှင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းကိုင်မြို့နယ်	
	ခေးနှင်းကျေးရွာ ကျေးရွာ ရာသီခွင်ပြပြကွဒိန် မိုင်းကိုင်မြို့နယ်	
	ခေးနှင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ မိုင်းကိုင်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၇။	**ပညာရေး**	
၈။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၁၀။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၁။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ	
	နောက်ဆက်တွဲ(၅)အကောင်ထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း	
	နောက်ဆက်တွဲ (၆) စီမံကိန်းအဆိုပြုလွှာ။	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဓာတ်စာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ခေးနှင်းကျေးရွာ
မိုင်းကိုင်မြို့နယ်


မိုင်းကိုင်မြို့နယ်၊ပန်ဆက်ကျေးရွာအုပ်စု၊ခေးနှင်းကျေးရွာ၏ သယံဇာတပြမြေပုံ



မိုင်းကိုင်မြို့နယ်၊ပန်ဆက်ကျေးရွာအုပ်စု၊ခေးနှင်းကျေးရွာ၏ ရာသီခွင်ပြပုံ



မိုင်းကိုင်မြို့နယ်၊ပန်ဆက်ကျေးရွာအုပ်စု၊ခေးနှင်းကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခေးနှင်းကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၏ အနောက်မြောက်တွင် တည် ရှိသည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ တုံလောကျေးရွာအုပ်စု၊ နှင့်ထိစပ်နေပြီး ရပ်စောက် မြို့နယ်နှင့်လည်းထိစပ်နေသောကျေးရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အမြင့်ဆုံး အပူချိန်မှာ (၃၂.C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၈.C)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုး ရေချိန်မှာ (၄၃")ခန့် ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ဖြစ် ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

မိုင်းကိုင်မြို့နယ်၊ ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာတွင် အိမ်ထောင်စု (၃၄)စု၌ ကျား (၆၄ဦး၊ မ(၉၇)ဦး၊ စုစုပေါင်း လူဦးရေ (၁၆၁)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၆၀%) ခန့်ရှိပြီး လုပ်သားအင်အားရရှိမှုများပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ် နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမို များပြားပါသည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာကျေးရွာတွင်နည်းပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မိုင်းကိုင်မြို့နယ်၊ ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူ များ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အတွက် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိပါ။ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း (ဥပမာ- အဖွဲ့ အစည်း များ ဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များများစွာရှိနေပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မိုင်းကိုင်မြို့နယ်၊ ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာတွင် လယ်မြေနှင့် ယာမြေ ပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေ ပိုင်ဆိုင်သည့်

အိမ်ထောင် စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၁၀၀%)ရှိပါသည်။ ကျေးရွာ တွင် ယာမြေ ဧက (၁၅၉)ဧက ရှိပြီး ပြောင်းကို အဓိကစိုက်ပျိုး ပြီး အခြားသီးနှံများ အနေဖြင့် စပါးကို စိုက်ပျိုးကြပါ သည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ အနည်းငယ်ရရှိပြီး၊ မိုးရေကိုအဓိက အားထား၍ စိုက်ပျိုးကြပါသည်။ အဟန့်အတား အနေဖြင့် ရာသီဥတုမကောင်းပါက ပြောင်း အထွက်နှုန်းလျော့ကျ ခြင်းများဖြစ်တတ်ပါသည်။ ကျေးရွာအနေဖြင့် မြို့နယ်အဖွဲ့ အစည်း များနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာ/အကူအညီမရခြင်း၊ ပြောင်းရိတ်သိမ်းရောင်းချချိန်တွင် ကျေးရွာသို့ လာရောက်ဝယ်ယူသော ပြောင်း ဒိုင်များမှမရှိခြင်း နမ့်လန်မြို့သို့သွား၍ ငွေပေါ်ရရှိရေးရောင်းချခဲ့သည့်အတွက် ဈေး ကောင်းမရရှိဘဲ အကျိုးအမြတ် နည်းခြင်းများဖြစ် ပေါ်ပြီး ပြောင်း မျိုးမချန် နိုင်ခြင်း၊ ပြန်လည်စိုက်ပျိုးချိန်တွင် မျိုးစေ့များအား သက်သာသောနှုန်း ထားဖြင့်မရ၍ ဈေးကြီး ပေးဝယ်ရခြင်း၊ စိုက်ပျိုး မြေဆီလွှာအရည်အသွေးကျဆင်းလာခြင်းကြောင့် အထွက်နှုန်း တိုးလိုပါက မြေဩဇာ အများအပြားထည့်ရခြင်းကြောင့်အရင်းအနှီးများခြင်း၊ မျိုးစေ့များ ပြန်လည် ဝယ်ယူချိန် တွင် ဈေးကြီးခြင်း စသည့်အခက်အခဲများစွာရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ခေးနှင်းကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	မြင်း	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	ခေးနှင်း	၃		၂		၂၀၄		

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ နွား၊ ဝက်၊ ကြက် စသည့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်သာရှိပါသည်။ မိရိုးဖလာနည်းအတိုင်းမွေးမြူခြင်းကြောင့် ဆုံးရှုံးမှုများပြီးအမြတ်ရရှိမှုနည်းခြင်း၊ နွား မွေးမြူရေးလုပ်ငန်းများအတွက် စားကျက်မြေ ရှားပါးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာ ဝန်ဆောင်မှုများ မရှိခြင်းတို့ကြောင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခက် အခဲများစွာတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားလုပ်ကိုင်ခြင်း ဈေးဆိုင်

ရောင်းချခြင်းများ ကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် နည်းပညာများ နှင့် အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်မှုအတွက် အခက်အခဲများ ရှိနေကြပါသည်။ မိုးရာသီတွင် ကျေးရွာနှင့် မြို့ပေါ်လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခြင်း၊ လျှပ်စစ်မီး မရရှိခြင်းကြောင့် ထုတ်ကုန် လုပ်ငန်းများ ထုတ်လုပ်ရောင်းချနိုင်ရန် အခွင့်အလမ်း အလွန်နည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု လက်လှမ်း မီမှုမရှိပါ။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် လယ်ယာထွက်ကုန်များအား မိုင်းကိုင်မြို့နှင့် သီပေါမြို့ရှိ သီးနှံဒိုင်များတွင်သာ ရောင်းချပါသည်။ ကုန်စိမ်းနှင့် သားငါးများနှင့် လူသုံး ကုန်ပစ္စည်းများအား ဆိုင်ကယ် ကားများ ၁၀ မိုင်ခန့်ဝေးသောတုံလောစျေးတွင် သွားရောက် ဝယ်ယူရပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပြီး ပွင့်လင်းရာသီတွင်သာ ကောင်းစွာ သွားလာနိုင်ပါသည်။ ကျေးရွာတွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ ဆိုင်ကယ် ထော်လာဂျီနှင့်ကားများကို အသုံးပြုကြပါသည်။ ကျေးရွာတွင်းလမ်း နှင့် ကျေးရွာချင်း ဆက်လမ်းများသည်လည်း မြေသားလမ်းများဖြစ်ပြီး လမ်းအူကြောင်းသာသာ ရှိပြီး ပွင့်လင်း ရာသီတွင်သာအသုံးပြုရလွယ်ကူပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် ဆိုလာမီးအား ညအချိန်မီးအလင်းရောင် ရရရှိရန် အသုံးပြုသောအိမ်ထောင်စု (၆) စုသာ ရှိပြီး ကျန် အိမ်ထောင်စုများသည် လျှပ်စစ်မီး အသုံးမပြုနိုင်ပါ။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်လက်နည်းပညာနှင့် ပတ်သက်၍ လက်လမ်းမီမှုနည်းပါးပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်းအသုံးပြု၍မရနိုင်သောကြောင့် စျေးကွက် အသိပညာဗဟုသုတ အလွန်နည်းပါးကြပါသည်။

၇။ ပညာရေး

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် ဘုန်တော်ကြီးသင်စာသင်ကျောင်းသာရှိပြီး အစိုးရ စာသင်ကျောင်းမရှိပါ။ ကျေးရွာတွင် ပညာတတ်နည်းပါးပြီး ကျေးရွာသူ/သား အများစုသည် စာမတတ်သူ များပြားပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော် လည်း ကျန်းမာရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှက်ဖြစ်စေ ကျေးရွာမှ (၃၀)မိုင် ခန့်ဝေးသော ကုတင်(၂၅)ဆုံ့ မိုင်းကိုင်မြို့နယ်ဆေးရုံသို့ လည်းကောင်း (၁၀)မိုင်ခန့်ဝေးသော တုံလော ကျေးလက်ကျန်းမာရေးဆေးခန်းသို့ လည်းကောင်၊ သွားရောက်ကုသ ကြပါသည်။ ကျေးလက်နေပြည်သူများ အကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှု အနည်း ငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှား ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက် ပေးသင့်ပါ သည်။ ကျန်းမာ ရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ် ကာလများတွင် ကျေးရွာ အထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် သောက်သုံးရေးကို (၁/၄)မိုင် ခန့်ဝေးသော စိမ့်စမ်းမှ ရေကို ရေပိုက်အသေးများဖြင့်သွယ်၍သုံးစွဲကြရပါသည်။ ရေအရည်အသွေးစစ်ဆေး ထားမှုမရှိပါ။ ပတ်ဝန်းကျင် သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၌ တွင်းအိမ်သာများကို သာအသုံးပြုကြပြီး **ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အားနည်းပြီး တစ်ကိုယ် ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာအလွန်အားနည်းကြောင်းတွေ့ရပါသည်။**

၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာတွင် မြေဆီလွှာအနေအထားမှာ မြေနီအမျိုး အစား ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမှာ အသင့်အတင့်ရှိပါသည်။ သဘာဝပတ်ဝန်း

ကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုးကွဲများ၊ ရှားပါး တိရိစ္ဆာန်များ မရှိပါ။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

မိုင်းကိုင်မြို့နယ်၊ ခေးနှင်းကျေးရွာသည် သစ်တောများ များပြားခြင်း တောင်ပေါ်ဒေသဖြစ်ခြင်းတို့တောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်တတ်ပြီး လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တည်ငြိမ်အေးချမ်းမှုရှိပါသည်။ မှုခင်းများကာကွယ် တားဆီးရေး နှင့်မီးဘေး အန္တရာယ်အတွက် လက်လှမ်းမီမှု မရှိပါ။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

မိသားစုစားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေအလိုက် ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာသာရေး နာရေးကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းပါသည်။ ကျေးလက်နေလူထု၏ အလုပ်လုပ်နိုင်သော အင်အားမှာ အမျိုးသားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီး များဖြစ်ကြပါမည်။ ကျားမဆိုင်ရာ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစု နှင့်ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများတိုးမြှင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။**

ပန်ဆက်ကျေးရွာအုပ်စု၊ ခေးနှင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

ခရိုင်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	အမည်	ရာထူး	ဖုန်းနံပါတ်	မှတ်ချက်
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	စိုင်းရွှေထွန်း	ဥက္ကဋ္ဌ		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	စိုင်းဆိုင်ဝမ်း	အဖွဲ့ဝင်		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	လုံးယာစိန်	အဖွဲ့ဝင်		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	ပါလှ	အဖွဲ့ဝင်		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	နန်းခမ်း	အဖွဲ့ဝင်		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	နန်းဟွမ်	အဖွဲ့ဝင်		
လွိုင်လင်	မိုင်းကိုင်	ပန်ဆက်	ခေးနှင်း	ဦးနိုင်အောင်ဝင်း	တွင်းမှူး	၀၉-၉၅၉၈၆၆၅၀	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၂	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃	၄	၇		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၁၀	၁၆		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၄	၂၄		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၅	၆၇	၁၁၂		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၀	၀	၀		
စုစုပေါင်း		၆၄	၉၇	၁၆၁		
စုစုပေါင်း အိမ်ထောင်စု		၃၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုဒနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည် မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ် ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သက်ကြီးရွယ်အို (၆၅ နှစ်နှင့်အထက်) မရှိသလောက်နည်းပြီး အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီး ကလေးသူငယ်ဦးရေလည်း အတန်အသင့်ရှိသည်ကို တွေ့ရှိရသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၃၄	၇၈	၃	၂	၄		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၁၁	မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း						၄	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား /							မြင့် □ လတ်□ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၃၄	၇၈	၃	၂	၄	၁၅	☒

မှတ်ချက်။။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ၏ “**ကိုယ်ပိုင်လုပ်ငန်း**”တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင်ဓိကလုပ်ကိုင်နေသောလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး နှင့် တိရစ္ဆာန်မွေးမြူရေး ဖြစ်ပြီး အိမ်ထောင်စု ၃၄ စုနှင့် မိသားစုဝင်လုပ်အား ၇၈ ဦး တို့သည် ကိုယ်ပိုင်လုပ်ငန်းများအဖြစ် လုပ်ကိုင်လျက်ရှိသည်။ အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်သူ ၁၁ ဦးရှိပြီး စိုက်ပျိုးရေးကဏ္ဍ၏ ရပ်တည်နိုင်မှုအခြေအနေမှာ မြင့်မားသည်။ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ကိုင်သူ ၄ ဦးရှိသော်လည်း ရပ်တည်နိုင်မှုအနေဖြင့် နိမ့်ကျသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၁၀၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	လခ စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)
လေ့လာတွေ့ရှိချက်။ ။ ခေးနှင်းကျေးရွာတွင် ကျေးရွာ၏ အဓိကလုပ်အားခနှုန်းထား မှာ လယ်ယာလုပ်ငန်း ပေါ်တွင် အခြေခံထားပြီး ကျားမကွာခြားမှု ရှိသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေတစ်ဝက် သာရရှိသည်။ စိုက်ပျိုးရေးလုပ်ငန်း များအနေဖြင့် လုပ်အားခ တိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။ အခြားသောလုပ်ငန်းများတွင်လည်း ကျား၊မ လုပ်အားခ တန်းတူမရရှိ ကြောင်း တွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၅၉	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၅၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ခေးနှင်းကျေးရွာတွင် ယာစိုက်ပျိုးရေး လုပ်ငန်းသာအဓိက လုပ်ကိုင်ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေကိုသာ အဓိကထား ပိုင်ဆိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာ သင့်အနေအထား ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်း ကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ)	များ ☐ သင့် ☐ နည်း ☑မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ စိမ့်စမ်းရများ အသင့်အတင့်ရှိပြီး အသုံးပြုရ လွယ်ကူပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၉	၁၅	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခေးနှင်းကျေးရွာရှိ (၃၄)စုရှိသည့်အနက် မပြေလည်သောအိမ်ထောင်စု မှာ (၁၅)စုရှိပြီး၊ အလွန်မ ပြေလည်သည့် အိမ်ထောင်စုမှာ (၂) ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၆		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၆ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄) တွင်အိမ်ထောင်စု (၁၅) စုနှင့် ဥစ္စာဓနအဆင့်(၃) လည်း အိမ်ထောင်စု (၂)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေစစ်တမ်းကောက်ယူရာ တွင် အလုပ်အကိုင် အခွင့်အလမ်း များနည်းပါးသည့်ကျေးရွာဖြစ်သဖြင့် အဆိုပါအိမ်ထောင်စုများ သည် ဝမ်းစာဖူလုံရန်အတွက် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် ဥစ္စာဓနအဆင့် (၃)နှင့် (၄)အိမ်ထောင်စုများ ၏ ဝမ်းစာဖူလုံမရှိ၍ ငွေကြေးချေးယူရသည့် အခြေအနေများ ရှိခဲ့ပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များ နည်းပါးပြီး သက်ဆိုင်ရာမိသားစုများမှ တာဝန်ယူသည်ကိုတွေ့ရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း				✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း		✓		✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ				✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်			✓		✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း ၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ် မရှိခဲ့ပါသော်လည်း လူကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် ကြိုတင်စီမံချက်များ ချမှတ်လေ့ကျင့် ရေးဆွဲထားသင့် ပါသည်။ ခေးနှင်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသောကြောင့် လမ်းတံတားပြင်ခြင်းလုပ်ငန်း များနှစ်စဉ် ဆောင်ရွက်ရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ		✓		✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ခေးနှင်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ လာပါက လက်လုပ်လက်စားများ ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ ဆင်းရဲ တောင်သူ များအုပ်စုသည် ထိခိုက်သက်ရောက်မှု အသင့်အတင့် ခံရနိုင်သည့်အုပ်စု ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ထိခိုက်လွယ်အုပ်စုများအား အချိန်မီ ကူညီထောက်ပံ့နိုင်ရေး ကျေးရွာတွင်း ရန်ပုံငွေတစ်ရပ်စီစဉ်၍ ကူညီထောက်ပံ့သင့်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျောင်းကော်မတီ	၁☐၂☑၃☐	၃	၂	၅	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၃	လူငယ်အဖွဲ့	၁☐၂☐၃☑	၇	၉	၁၆	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ရပ်မိရပ်ဖအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။
အုပ်စုအမျိုးအစား
(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ကြသော အုပ်ချုပ်ရေး အဖွဲ့၊ ၊ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊လူငယ်အဖွဲ့ များရှိကြပြီး စနစ်တကျဖွဲ့စည်းထားမှုမရှိပါ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပြင်ပ မှ ဖွံ့ဖြိုးရေးဆောင်ရွက်နေသာအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-		မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၀	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၁၁		တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၉		တောင်သူလတ်
၅	၁၂.၅ကေအထက်	၄		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၃၄	၃	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ဆင်းရဲသားတောင်သူ(၁၀)ဦး၊ တောင်သူငယ် (၁၁)ဦး၊ တောင်သူလတ်(၉)ဦး နှင့် တောင်သူကြီး (၄)ဦး ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ
ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ကျေးရွာ၏စိုက်ပျိုးမြေများသည် ယာမြေများဖြစ်ပြီး အဓိကအားဖြင့် မိုးရေကိုသာအားထားကြရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ယာစပါး	၅၉	တင်း	၃၀	၆၀	၄၅	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပြောင်း	၁၀၀	ပိသာ	၈၀၀	၁၀၀၀	၉၀၀	ဇွန်	နိုဝင်ဘာ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ များပြားပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ အသင့်အတင့် ကောင်းမွန်ပါသည်။သွင်းအားစုများဖြစ်သည့် မြေဩဇာ/ပေါင်းသတ်ဆေးစသည်တို့လည်း လိုအပ်ချက်ရှိပါသည်။ သီးနှံအထွက်နှုန်းအနေဖြင့် အသင့်အတင့်ကောင်းမွန်သော်လည်း ဈေးကွက် ရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်		-	-	
လက်တွန်းထွန်စက်	၉	-	-	၆
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	
ရိတ်သိမ်းစက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ခြွေလှေ့စက်		-	-	
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံး ခေတ်မီစက် များပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး ငှားရမ်းအသုံးသူများလည်းရှိပါသည်။ လက်ရှိတွင် ခါတ်ဆီစျေး များ မြှင့်တက်မှုများကြောင့် ထွန်ယက်စရိတ်များမြင့်မားလာပြီး အမြတ်ရရှိမှု ကျဆင်းလာပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း☑ သင့်တင့်မျှတ□ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း☑ သင့်တင့်မျှတ□ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□ အသင့်အတင့်ရှိ☑ မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ ရနိုင်သည်□မဖြေဆိုပါ☑**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	**ထိခိုက်သည်☑ မထိခိုက်ပါ □ မဖြေဆိုပါ□**

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ခေးနှင်းကျေးရွာတွင် စိုက်ပျိုး**သီးနှံ**များ အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစု များဖြစ်သည့် စပါးမျိုးကောင်းမျိုးသန့်များစျေးနှုန်းချိုသာစွာဖြင့်ဝယ်ယူအသုံးချနိုင်လျှင် သီးနှံအထွက်နှုန်း တိုးရန် အခက်အခဲများဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့်လည်း သီနှံအထွက်နှုန်း ထိခိုက်မှုရှိပါ သည်။

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□မဖြေဆိုပါ☑**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑** **လယ်ယာမြေဆုံးရှုံးမှုများသည်□** **လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□** **ပလပ်မြေများရှိသည်□** **ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်□လုံးဝမရ□ မဖြေဆိုပါ☑**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ☑မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဧယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်☐လုံးဝမရ☑မဖြေဆိုပါ☐**
သီးနှံစွေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☑**
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☐** **အနည်းငယ်☑မဖြေဆိုပါ☐**
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑**
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	**အလွယ်တကူမရနိုင်☐ လုံးဝမရ☐မဖြေဆိုပါ☑**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။ ခေးနှင်းကျေးရွာသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြဿနာနှင့် အခက်အခဲမှာ စိုက်ပျိုးရေ အရင်းအမြစ် အဖြစ် မိုးရေကိုသာအားထားရသောကြောင့် အထွက်နှုန်း နှင့် ရာသီဥတု သည်တိုက်ရိုက်အချိုးကျနေပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေ သောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂	၃
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂	၄
ကြက်	၁၃	၂၀၄
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏာန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**
လေ့လာတွေ့ရှိချက်။။ ကျေးရွာသည် မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွါးဖြစ်လုပ်ကိုင်ဆောင်ရွက် သည့် အိမ်ထောင်စုအရေအတွက်မရှိပါ။ တစ်ပိုင်တစ်နိုင်လုပ်ငန်း များသာလုပ်ကိုင်ကြပါသည်။

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☐အသင့်အတင့်☐ မဖြေဆိုပါ☑

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်☑မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□မဖြေဆိုပါ☑
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်□မဖြေဆိုပါ☑
သွင်းအားစု (**မွေးမြူရေးအစာ၊ ဆေးစသည်**) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်☑မဖြေဆိုပါ□
ဝန်ဆောင်မှုနှင့်နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□ မဖြေဆိုပါ☑
